# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

April 19 , 2023 Volume 65, Number 7


၁၉.၄.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၀၁ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၈၆၀ |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၉၇.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၇၀.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၁၀.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၇.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၄.၅၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၅၄၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၇.၂၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၂.၇၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၉၄၀ ကျပ် |

Source: CBM Rate, etrademyanmar.com

## ကချင်ပြည်နယ်၏ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှု တစ်ပတ်အတွင်းနှိုင်းယှဉ်မှု

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၈ ရက်မှ ၁၄ ရက်နေ့အတွင်း ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများအနေဖြင့် တစ်သျှူးငှက်ပျော၊ ဖရဲသီး၊ ဆန်ကွဲ၊ မြေထောက်ပဲ၊ ပဲကြီး၊ နှမ်းညို၊ မြေပဲဆန်၊ ပဲတီစိမ်း၊ ကြံနှင့်ရွှေဖရုံသီးများတင်ပို့ခဲ့ပြီး ပို့ကုန်၏ငွေပမာဏမှာ ၆၈၅၉၅၉၈.၈၁ ကန်ဒေါ်လာ တင်ပို့ခဲ့ရာ ယခင်အပတ် ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁ ရက်မှ ၇ ရက်နေ့ထိ တင်ပို့ကုန်၏ ငွေပမာဏ ၁၁၂၉၃၀၄၉.၇၃ ကန်ဒေါ်လာနှင့် ကာလတူတင်ပို့ကုန်၏ ငွေပမာဏနှိုင်းယှဉ်ပါက ၄၄၃၃၄၅၀.၉၂ ကန်ဒေါ်လာတန်ဖိုးလျော့နည်း၍ တင်ပို့မှုရှိခဲ့သည်ကို တွေ့ရပါသည်။

သွင်းကုန်ပစ္စည်းများအနေဖြင့် ၂၀၂၃ ခုနှစ်၊ ဧပြီလ ၈ ရက်မှ ၁၄ ရက်နေ့အတွင်း သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ချည်ထည်များ၊ ကုန်ထုတ်စက္ကူများ၊ သားရေ/သားရေတုဖြင့် ပြုလုပ်သောပစ္စည်းများ၊ ဓါတုဗေဒချည်ခင်များ၊ မော်တော်ဆိုင်ကယ်အပိုပစ္စည်းများ၊ အခြားစက္ကူများ၊ သံပိုက်၊ ဖန်ခွက်နှင့်မြက်ခင်းတုများ တင်သွင်းခဲ့ပြီး သွင်းကုန်၏ ငွေပမာဏတန်ဖိုးမှာ ၆၇၄၅၃၆.၆၆ ကန်ဒေါ်လာ တင်သွင်းခဲ့ရာ ယခင်အပတ် ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁ ရက်မှ ၇ ရက်နေ့ထိ တင်သွင်းကုန်၏ ငွေပမာဏ ၁၀၂၁၆၀၅.၁ ကန်ဒေါ်လာနှင့် ကာလတူတင်သွင်းကုန်၏ ငွေပမာဏနှိုင်းယှဉ်ပါက ၃၄၇၀၆၈.၄၄ ကန်ဒေါ်လာ တန်ဖိုးလျော့နည်း၍ တင်သွင်းခဲ့သည်ကို တွေ့ရပါသည်။

တင်ပို့ကုန်နှင့် တင်သွင်းကုန်တို့၏ ငွေပမာဏများအားနှိုင်းယှဉ်ကြည့်ရာ တင်ပို့ကုန်၏ ငွေပမာဏမှာ ၆၁၈၅၀၆၂.၁၅ ကန်ဒေါ်လာ ပိုမိုပြီး ကုန်သွယ်မှုပြုနိုင်ခဲ့ကြောင်း ကုန်သွယ်မှုစာရင်းများအရ တွေ့ရပါသည်။ ငွေလဲနှုန်းများမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် ဝ.၃၂၅ ယွမ် ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၃၀၇.၆၉ ကျပ် ရှိကြောင်းသိရှိရပါသည်။

**Source: မနော်မြေကုန်သွယ်မှုဇဟိုဌာန**


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ဝ၁-၃၇၁၂ဝ၃
ဝ၁-၃၇၆၄၁၆
ဝ၁-၃၇၆၄၉ဝ
ဖက်စ် ဝ၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ရန်ကုန်ရွှေဈေးကွက် သင်္ကြန်အပြီး အမြင့်ဈေးတွင် ဆက်ရှိနေ


Popular News Journal

သင်္ကြန်ကာလအပြီး ပြန်လည်ဖွင့်လှစ်ခဲ့သည့် ရန်ကုန်ရွှေဈေးကွက်အတွင်းရှိ ဈေးနှုန်းများမှာ အမြင့်ပိုင်းတွင်သာ ဆက်လက်ရပ်တည်နေဆဲဖြစ်ကြောင်း ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်းမှ ဖော်ပြထားသည့် ဈေးနှုန်းများအရ သိရသည်။

YGEA ၏ ဧပြီလ (၁၈) ရက် ဈေးကွက်အတွင်း စတင်ဖွင့်လှစ်ခဲ့သည့် အဖွင့်ရွှေဈေးနှုန်းမှာ အကယ်ဒမီ မီးလင်းရွှေတစ်ကျပ်သားလျှင် ၂၃၅၆၂၀၀ ကျပ်ဖြစ်ပြီး ကမ္ဘာ့ရွှေဈေးတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၂၀၀၀ ဒေါ်လာဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်း ရွှေအသင်းအနေဖြင့် သင်္ကြန်ရုံးပိတ်ရက်ကာလဖြစ်သည့် ဧပြီလ (၈) ရက်နေ့မှ (၁၇) ရက်အထိ ရွှေဈေးနှုန်း ထုတ်ပြန်ခြင်းကို ရပ်နားထားပြီး (ဧပြီလ ၁၈) ရက်တွင် ဈေးကွက်ကို ပြန်လည်ဖွင့်လှစ်ခဲ့ခြင်းလည်းဖြစ်သည်။

ဧပြီလ (၇) ရက်နေ့အထိ ရန်ကုန်ရွှေအသင်း၏ ရည်ညွှန်းဈေးနှုန်းမှာ(၂၃)သိန်းအထက်တွင်ရှိနေပြီး ပြင်ပရွှေဈေးကွက်တွင်လည်း (၂၉) သိန်းအထက်၌ရှိခဲ့ရာ ယခုဈေးကွက်ပြန်ဖွင့်ချိန်၌လည်း အကျဖက်သို့ဦးတည်ခြင်း မရှိသေးသည်ကို တွေ့ရသည်။

သင်္ကြန်ကာလမတိုင်မီက ရန်ကုန်ရွှေအသင်းဥက္ကဋ္ဌထံ ပေါ်ပြူလာနယူး(စ်)မှ ဆက်သွယ်မေးမြန်းခဲ့စဉ်က သင်္ကြန်ကာလအရောင်းအဝယ်ပါးမည်ဖြစ်သည့်အတွက် ရွှေဈေးကျနိုင်ကြောင်း ခန့်မှန်းထားသော်လည်း လက်တွေ့တွင် ရွှေဈေးမှာ ပြန်လည်ကျဆင်းလာခြင်း မရှိသေးခြင်းလည်းဖြစ်သည်။

မတ်လ တတိယပတ်မှစတင်ပြီး ကမ္ဘာ့ရွှေဈေးမြင့်တက်လာမှုနှင့်အတူ ပြည်တွင်းရွှေဈေးကွက်အတွင်းမှာလည်း သိန်း (၃၀) နီးပါးအထိ ဈေးမြင့်တက်လာခြင်းလည်းဖြစ်သည်။

**Source: Popular News Journal**

## သင်္ကြန်အပြီး ပဲဈေးများ မြင့်တက်နေ




သင်္ကြန်အပြီး ပြည်ပ လိုအပ်ချက်ရှိနေသည့်အတွက် ပဲဈေးများ မြင့်တက်နေကြောင်း ဈေးကွက်မှ သိရပါသည်။

လက်ရှိ အိန္ဒိယနိုင်ငံတွင် ပဲအထွက်နှုန်းနည်းခဲ့ကာ လိုအပ်ချက်ရှိနေသည့်အပြင် ပြည်တွင်းတွင်လည်း ပဲအထွက်နှုန်းနည်းနေသည့်အတွက် သင်္ကြန်အပြီး ပဲအရောင်းအဝယ်ဖြစ်ကာ ဈေးနှုန်းမြင့်လာကြောင်း သိရသည်။ "ကုန်စည်ဒိုင်တွေတော့ ပိတ်ထားဆဲပါ။ အဓိက အိန္ဒိယလိုအပ်ချက်ရှိလို့ ဈေးတက်တာပါ။ အိန္ဒိယမှာ ပဲအထွက်နှုန်းနည်းနေတယ် ။ ဒါကြောင့် ဈေးကထပ်တက်ဖို့လည်းရှိတယ်"ဟု အောင်လံမြို့ ကုန်စည်ဒိုင်မှ ပဲကုန်သည် ဦးအောင်မိုးကပြောသည်။

သင်္ကြန်မတိုင်ခင်က မတ်ပဲတစ်တန်လျှင် ယခင်က သိန်း ၂၀ နှင့် ၅ သောင်းထိသာရှိခဲ့ပြီး လက်ရှိတွင် သိန်း ၂၀ နှင့် ၆ သောင်း ၃ ထောင် အထိ ပြန်တက်လာခြင်း ဖြစ်ကြောင်းသိရသည်။ ထို့အပြင်လက်ရှိ ပဲစင်းငုံ တစ်တန်လျှင် ၂၄ သိန်းအထိ ပေါက်ဈေးရှိကြောင်းသိရသည်။ လက်ရှိ အိန္ဒိယက ပဲတင်သွင်းခွင့်ကို အခွန်ကင်းလွတ်ခွင့်ပေးထားခြင်းဖြစ်ကြောင်း ကုန်သည်များကပြောသည်။

ပြည်ပပေါက်ဈေး FOB အနေဖြင့် မတ်ပဲ တစ်တန်လျှင် ဒေါ်လာ ၉၀၀ ကျော် ထိရှိပြီး ပဲစင်းငုံ တစ်တန်လျှင် ဒေါ်လာ ၁၀၀၀ ကျော်ထိရှိကြောင်း သိရသည်။ အကြောင်းအမျိုးမျိုးကြောင့် ပြည်ပသို့ပဲတင်ပို့မှု ယခင်နှစ်များနှင့်ယှဉ်ပါက ထက်ဝက်ကျဆင်းလျက်ရှိကြောင်း ပဲကုန်သည်များထံမှ သိရသည်။

ယခုနှစ်တွင် ပဲစင်းငုံတန်ချိန် ငါးသောင်း ၊ တစ်သိန်းခန့်နှင့် မတ်ပဲတန်ချိန် နှစ်သိန်းခန့်သာ တင်ပို့နိုင်မည်ဖြစ်၍ ပြီးခဲ့သည့်နှစ်များနှင့်ယှဉ်ပါက ၅၀ ရာခိုင်နှုန်းခန့် ကျဆင်းနိုင်ကြောင်း ကုန်သည်များက သုံးသပ်ကြသည်။

ယခုနှစ် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ၂၀၂၂ခုနှစ် ဧပြီလ ၁ ရက် မှ ၂၀၂၃ ခုနှစ် မတ်လ ၁၇ ရက်နေ့အထိ ပင်လယ်ရေကြောင်းမှတဆင့် ပဲမျိုးစုံ ၁၅၄၃၄၄၁.၂၉၄ တန် အထိ တင်ပို့ထားကြောင်း သိရသည်။

**Source: (AMIA)**

https://t.me/htwettoe

## သင်္ကြန်အပြီး ဆန်ဈေးအချို့တက်လာပြီး ပဲဈေးများလည်းမြင့်လာ

ရန်ကုန်၊ ဝါးတန်းဆန်ဈေးကွက်မှာ သင်္ကြန်ပိတ်ရက်မတိုင်ခင် ဧပြီ ၇ ရက်နဲ့ယှဉ်ရင် ဧပြီ ၁၈ ရက်မှာ ဆန်အမျိုးအစား အချို့ဈေးတွေ တက်လာတာဖြစ်ပါတယ်။

ဆန်(မြောင်းမြ ပုသိမ်ပေါ်ဆန်းမွှေး)(သစ်)၊ ဆန်(ရွှေဘိုပေါ်ဆန်း)(သစ်)၊ ဆန်(ဧည့်မထ ၂၅%)(သစ်)၊ ဆန်(ရက် ၉၀ ရှယ်)(သစ်)၊ ဆန်(သီးထပ်)(သစ်)၊ ကြာပျံရှယ်(သစ်) နဲ့ ပေါ်ဆန်းရှယ်(သစ်)တွေ ဈေးတက်သွားတာပါ။ ဘယ်ဆန်အမျိုးအစားတွေ ဘယ်လောက်ဈေးအပြောင်းအလဲဖြစ်သွားလဲ၊ ဘယ်ဆန်အမျိုးအစားတွေ အရင်ဈေးအတိုင်းငြိမ်နေလဲဆိုတာကိုတော့ အောက်ပါဇယားကွက်မှာ ကြည့်နိုင်ပါတယ် -

| စဉ် | အမျိုးအစား | ဈေးကွက် | ၇.၄.၂၀၂၃ | ၁၈.၄.၂၀၂၃ |
|---|---|---|---|---|
| ၁ | ဆန် (ဖျာပုံပေါ်ဆန်းမွှေး)(သစ်) | ဝါးတန်း(ရန်ကုန်) | ၇၃၀၀၀ မှ ၇၅၀၀၀ | ၇၃၀၀၀ မှ ၇၅၀၀၀ |
| ၂ | ဆန်(ဒေးဒရဲပေါ်ဆန်းမွှေး)(သစ်) | ဝါးတန်း(ရန်ကုန်) | ၇၀၀၀၀ မှ ၇၃၀၀၀ | ၇၀၀၀၀ မှ ၇၃၀၀၀ |
| ၃ | ဆန်(မြောင်းမြပုသိမ်ပေါ်ဆန်းမွှေး)(သစ်) | ဝါးတန်း(ရန်ကုန်) | ၇၃၀၀၀ မှ ၇၅၀၀၀ | ၇၅၀၀၀ မှ ၈၀၀၀၀ |
| ၄ | ဆန်(ပေါ်ဆန်းနယ်စုံသစ်)(သစ်) | ဝါးတန်း(ရန်ကုန်) | ၇၀၀၀၀ မှ ၇၂၀၀၀ | ၇၀၀၀၀ မှ ၇၂၀၀၀ |
| ၅ | ဆန်(ဧည့်မထ)(သစ်) | ဝါးတန်း(ရန်ကုန်) | ၅၂၀၀၀ မှ ၅၄၀၀၀ | ၅၃၅၀၀ မှ ၅၅၀၀၀ |
| ၆ | ဆန်(ငစိန်)(သစ်) | ဝါးတန်း(ရန်ကုန်) | ၅၃၀၀၀ မှ ၅၄၀၀၀ | ၅၃၀၀၀ မှ ၅၄၀၀၀ |
| ၇ | ဆန်(မြိုးဒုံး)(သစ်) | ဝါးတန်း(ရန်ကုန်) | - | - |
| ၈ | ဆန်(ရွှေဘိုပေါ်ဆန်း) (သစ်) | ဝါးတန်း(ရန်ကုန်) | ၈၅၀၀၀ မှ၉၃၀၀၀ | ၈၇၀၀၀ မှ ၉၇၀၀၀ |
| ၉ | ဆန်(ဧည့်မထ ၂၅%)(သစ်) | ဝါးတန်း(ရန်ကုန်) | ၅၁၀၀၀ မှ ၅၂၀၀၀ | ၅၃၀၀၀ မှ ၅၃၅၀၀ |
| ၁၀ | ဆန်(ရက် ၉၀ ရှယ်)(သစ်) | ဝါးတန်း(ရန်ကုန်) | ၅၈၀၀၀ မှ ၆၀၀၀၀ | ၅၉၀၀၀ မှ ၆၁၀၀၀ |
| ၁၁ | ဆန်(သီးထပ်)(သစ်) | ဝါးတန်း(ရန်ကုန်) | ၅၂၅၀၀ မှ ၅၃၀၀၀ | ၅၄၀၀၀ မှ ၅၅၀၀၀ |
| ၁၂ | ကြာပျံရှယ်(သစ်) | ဝါးတန်း(ရန်ကုန်) | ၇၅၀၀၀ မှ ၇၉၀၀၀ | ၇၆၀၀၀ မှ ၈၀၀၀၀ |
| ၁၃ | ပေါ်ဆန်းရှယ်(သစ်) | ဝါးတန်း(ရန်ကုန်) | ၇၁၀၀၀ မှ ၇၂၀၀၀ | ၇၃၀၀၀ မှ ၇၄၀၀၀ |
| ၁၄ | တောင်ပျံ(ဖျာပုံ)(သစ်) | ဝါးတန်း(ရန်ကုန်) | ၇၅၀၀၀ မှ ၈၀၀၀၀ | - |
| ၁၅ | ပေါ်ကြွဲ(ဖျာပုံ)(သစ်) | ဝါးတန်း(ရန်ကုန်) | ၆၅၀၀၀ မှ ၆၇၀၀၀ | - |
| ၁၆ | တောင်ပျံ(မော်ကျွန်း)(သစ်) | ဝါးတန်း(ရန်ကုန်) | ၇၂၀၀၀ မှ ၇၃၀၀၀ | - |
| ၁၇ | ပေါ်ကြွဲ(မော်ကျွန်း) (သစ်) | ဝါးတန်း(ရန်ကုန်) | ၆၂၀၀၀ မှ ၆၅၀၀၀ | - |

https://greenwaymyanmar.com

အပြောင်းအလဲဖြစ်သွားတဲ့အမျိုးအစားတွေကို အနီရောင်နဲ့ ဖော်ပြပေးထားပါတယ်။ (အချို့ ဆန်အမျိုးအစားတွေကတော့ ဈေးမဖွင့်ပါဘူး)

မတ်ပဲ၊ ပဲစင်းငုံ၊ ကုလားပဲဈေးတွေလည်း သင်္ကြန်မတိုင်ခင်ကာလထက်စာရင် မြင့်တက်လာတာဖြစ်ပါတယ်။

ယနေ့ မတ်ပဲ၊ ပဲစင်းငုံ၊ ကုလားပဲ ဈေးနှုန်းများကတော့...

မတ်ပဲ (FAQ/RC) တစ်တင်း – ၆၆၄၆၅ ကျပ်

မတ်ပဲ(SQ/RC) တစ်တင်း – ၇၄၁၈၀ ကျပ်

မတ်ပဲ(RAW) တစ်ပိဿာ – ၃၄၀၅ မှ ၃၄၄၅ ကျပ်

ပဲစင်းငုံ(RC) တစ်တင်း – ၇၇၀၀၀ ကျပ်

ကုလားပဲလုံးဖြူ တစ်ပိဿာ – ၃၆၃၀ မှ ၃၆၇၀ ကျပ်

ကုလားပဲလုံးဖြူကြီး တစ်ပိဿာ – ၃၆၆၅ မှ ၃၇၂၀ ကျပ်

(လယ်ယာစိုက်ပျိုးရေးနှင့်ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIA) က ပေးပို့လာသည့် ဈေးနှုန်းများကို အခြေခံဖော်ပြခြင်းဖြစ်ပါသည်။)

**Source:** https://greenwaymyanmar.com/posts/Rice_Legumes_prices

## မြန်မာနိုင်ငံက ပထမသုံးလပတ်တွင် ဆန်တန်ချိန် ၃၆၁,၂၁၃ တန် ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ခဲ့

မြန်မာနိုင်ငံက ၂၀၂၃ ခုနှစ်၊ ပထမသုံးလပတ်တွင် ဆန်တန်ချိန် ၃၆၁,၂၁၃ တန် တင်ပို့နိုင်ခဲ့ပြီး ၂၀၂၂ ခုနှစ် ကာလတူတွင် ဆန်တန်ချိန် ၃၉၈,၇၄၅.၃၉ တန် တင်ပို့နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ဧပြီ ၁၈ ရက်ထုတ်ပြန်ချက်အရ သိရသည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီ မှ မတ်လအထိ မြန်မာနိုင်ငံအနေဖြင့် ဆန်ကွဲတန်ချိန် ၂၆၀,၅၃၅ တန် တင်ပို့နိုင်ခဲ့ပြီး ၂၀၂၂ ခုနှစ် ကာလတူတွင် ဆန်ကွဲတန်ချိန်၂၁၈,၇၇၇.၅ တန် တင်ပို့နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ထုတ်ပြန်သော အချက်အလက်များအရသိရသည်။

တရုတ်နိုင်ငံသည် ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ မတ်လအထိ ဆန်ကွဲအများဆုံး ဝယ်ယူခဲ့သည့်နိုင်ငံဖြစ်ပြီး အဆိုပါကာလ အတွင်း ဆန်တန်ချိန် ၁၁၄,၅၅၆ တန်နှင့် ဆန်ကွဲတန်ချိန် ၁၅၈,၆၉၀ တန် ဝယ်ယူခဲ့ကြောင်း သိရသည်။

မြန်မာ့ဆန်ကွဲကို တရုတ်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဥရောပသမဂ္ဂနိုင်ငံများနှင့် အခြားနိုင်ငံများသို့ တင်ပို့နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။ မြန်မာနိုင်ငံအနေဖြင့် ပင်လယ်ရေကြောင်းမှတစ်ဆင့် ဆန်နှင့် ဆန်ကွဲ အများစုကို တင်ပို့ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ဆန်စပါးသည် အများဆုံးစိုက်ပျိုးသော သီးနှံဖြစ်ပြီး ယင်းနောက်တွင် ပဲနှင့်ပဲမျိုးစုံကို စိုက်ပျိုးကြောင်း သိရသည်။

**Source:** https://xinhuamyanmar.com/news/business/nm-23040180017/

## ကိုဗစ်ကန့်သတ်ချက်ရုပ်သိမ်းပြီးနောက် တရုတ်နိုင်ငံ၏ ဂျီဒီပီ ၄ ဒသမ ၅ ရာခိုင်နှုန်းအထိ မြင့်တက်လာ

တရုတ်နိုင်ငံ၌ ပြီးခဲ့သည့်နှစ် နှောင်းပိုင်းတွင် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေး ကန့်သတ်ချက်များကို ရုပ်သိမ်းပြီးနောက် ယခုနှစ် ပထမသုံးလပတ်အတွင်း နိုင်ငံ၏ဂျီဒီပီမှာ ၄ ဒသမ ၅ ရာခိုင်နှုန်း အထိမြင့်တက်လာကြောင်း အစိုးရအဖွဲ့၏ ဧပြီ ၁၈ ရက်ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယခုစာရင်းဇယားသည် ကမ္ဘာ့ဒုတိယမြောက် စီးပွားရေးအင်အားကြီးနိုင်ငံဖြစ်သော တရုတ်နိုင်ငံအတွက် ၂၀၁၉ ခုနှစ် နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ဂျီဒီပီမြင့်တက်မှုဖြစ်သည်။ အထူးသဖြင့် အိမ်ထောင်စုများ၏ သုံးစွဲမှုပမာဏသည် ပြီးခဲ့သည့်နှစ် မတ်လနှင့်နှိုင်းယှဉ်ပါက ယခုနှစ်မတ်လအတွင်း ၁၀ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်လာခြင်းဖြစ်ပြီး ၂၀၂၁ ခုနှစ် ဇွန်လနောက်ပိုင်း ပထမဆုံးအကြိမ် မြင့်တက်မှုလည်းဖြစ်သည်။

အလားတူ မတ်လအတွင်း စက်မှုလုပ်ငန်းမှတိုးတက်မှုသည် ၃ ဒသမ ၉ ရာခိုင်နှုန်းရှိကြောင်း အမျိုးသားစာရင်းအင်းဗျူရို၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်ကိုတွေ့ရသည်။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားစဉ်ကာလအတွင်း တရုတ်နိုင်ငံက အလွန်တင်းကျပ်သော စည်းမျဉ်းစည်းကမ်းများကို ထုတ်ပြန် ခဲ့ရာ ရောဂါကူးစက်မှုကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်နိုင်ခဲ့သော်လည်း စီးပွားရေးဆောင်ရွက်မှုတွင်မူ ကျဆင်းမှုနှင့် ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။

**Ref: Bangkok Post**

https://www.myawady.net.mm/node/39472

## ဗြိတိန်နိုင်ငံ၏ အချို့စားသောက်ကုန်ဈေးနှုန်းများ ၈၀ ရာခိုင်နှုန်းအထိမြင့်တက်လာ

ဗြိတိန်နိုင်ငံအတွင်း အခြေခံစားသောက်ကုန်ဈေးနှုန်းများ ဆက်လက်မြင့်တက်လျက်ရှိကာ အချို့သော စားသောက်ကုန် များ၏ ဈေးနှုန်းများမှာ ၈၀ ရာခိုင်နှုန်းအထိ မြင့်တက်လာကြောင်း သိရသည်။

Which? အမည်ရှိ စားသုံးသူရေးရာအဖွဲ့တစ်ဖွဲ့က ကုန်ပဒေသာတိုက်ကြီးရှစ်ခုရှိ စားသောက်ကုန်အမျိုးပေါင်း ၂၆၀၀၀ ကျော်၏ ဈေးနှုန်းများကို လေ့လာမှုများလုပ်ဆောင်ပြီးနောက် ယခုထုတ်ပြန်ချက်ကို ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

ထိုသို့လေ့လာမှုများလုပ်ဆောင်ရာ အထူးသဖြင့် ဒိန်ခဲဈေးနှုန်းများသည် ပြီးခဲ့သည့် နှစ်နှင့်နှိုင်းယှဉ်ပါက အဆမတန် မြင့်တက်လာပြီး ၈၀ ရာခိုင်နှုန်းအထိပင် မြင့်တက်လာကြောင်း တွေ့ရသည်။

အလားတူ ကွေကာအုပ်များသည်လည်း ၆၅ ဒသမ ၅ ရာခိုင်နှုန်းအထိနှင့် ပေါင်မုန့်ချပ်များမှာ ၆၇ ရာခိုင်နှုန်းအထိ ဈေးတက်လာသည်ကိုတွေ့ရကြောင်း Which? အဖွဲ့၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယခုနှစ် ဖေဖော်ဝါရီလအတွင်း ဗြိတိန်နိုင်ငံ၏ စားသောက်ကုန်ဈေးနှုန်းမြင့်တက်မှုသည် ၄၅ နှစ်အတွင်း အမြင့်ဆုံး ဖြစ်ကြောင်းနှင့် စားသုံးသူဈေးနှုန်းမှာ ၁၀ ဒသမ ၄ ရာခိုင်နှုန်းအထိ မြင့်တက်လာကြောင်း ဗြိတိန်စာရင်းအင်းရုံးက ဧပြီ ၁၇ ရက်တွင် ထုတ်ပြန်ထားသည်။

ကုန်တိုက်ကြီးများတွင် အချို့သော ဟင်းသီးဟင်းရွက်များ ပြတ်လပ်မှုကြောင့် ကုန်ဈေးနှုန်း မြင့်တက်ရသည့်အပြင် အချိုးကျဖြင့်သာ ရောင်းချနေရကြောင်း သိရသည်။

**Ref: Sputnik**

https://www.myawady.net.mm/node/39476

## ထိုင်းအသီးအမျိုးမျိုး ၂၀၂၃ တွင် တန်ချိန် ၄.၄၄ သန်း တင်ပို့နိုင်ရန်ရည်မှန်း



https://www.foodindustrydirectory.com.mm

ထိုင်းနိုင်ငံသည် ယခုနှစ်အတွင်း လတ်ဆတ်နှင့် ပြုပြင်ထားသော သစ်သီးဝလံ တင်ပို့မှုတွင် တန်ချိန် ၄ ဒသမ ၄၄ သန်းအထိ တိုးမြင့်လာရန် ရည်မှန်းထားသည်။ ယမန်နှစ်ထက် ၁၀% ပိုများသည်။

ထိုင်းနိုင်ငံ စီးပွားကူးသန်းနှင့်စိုက်ပျိုးရေးဝန်ကြီးဌာနများသည် ပြင်းပြင်းထန်ထန် စီမံချက်များဖြင့် သစ်သီးဝလံတင်ပို့မှုကို မြှင့်တင်သွားမည်ဟု အစိုးရပြောရေးဆိုခွင့်ရှိသူ Anucha Burapachaisri က ပြောကြားခဲ့သည်။

စီမံချက်များတွင် ထုတ်လုပ်မှု၊ ပြည်တွင်းမြှင့်တင်ရေး၊ ပြည်ပဈေးကွက်ချဲ့ထွင်ရေး၊ အခွန်အကောက်များနှင့် အတားအဆီးများကို လျှော့ချရန်အတွက် ကုန်သွယ်မှုဆိုင်ရာ ဆွေးနွေးမှုများ ပါဝင်မည်ဖြစ်သည်။

ထိုင်းနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ယခုနှစ် ဒူးရင်းတင်ပို့မှု တစ်မျိုးတည်းအတွက် ပို့ကုန်ဝင်ငွေ ဘတ်ငွေ ၁၀၀ ဘီလီယံ ရရှိရန် လျာထားချက် ချမှတ်ထားသည်။

ဒူးရင်းသီးများကို အချိန်မတန်မီ ခူးဆွတ်ကြခြင်းကို လျှော့ချခြင်းဖြင့် ဈေးကွက်ထဲ အလျှံပယ်ဖြစ်နေခြင်းကို ကာကွယ်ပေးရာရောက်ပြီး ဈေးထိန်းပေးထားနိုင်မည်ဖြစ်သဖြင့် ဘတ် ၁၀၀ ဘီလီယံ ရည်မှန်းချက်ကို ပြည့်မီစေမည်ဖြစ်သည်။

ဒူးရင်းဈေး အမြင့်ဆုံးသို့ရောက်ရှိချိန်တွင် ဒူးရင်းသီးများဈေးကွက်သို့ အချိန်ကိုက်တင်ပို့နိုင်ရန် ရည်ရွယ်ထားသည့် ဝန်ကြီးဌာန၏ ဒူးရင်းဆွတ်ခူးရန် အချိန်ဇယားကို တောင်သူများလိုက်နာကြရန် ညွှန်ကြားထားသည်။

ထိုင်းဒူးရင်းသီးများကို ယခုအခါ ထိုင်း-လာအို-တရုတ် ရထားလမ်းဖြင့် တင်ပို့နိုင်ပြီဖြစ်သည်။ ရယောင်းပြည်နယ် မာ့တပွတ်မှ ကွမ်ကျိုးသို့ ၅-၆ ရက်ဖြင့် ရောက်သည်။ ပို့ဆောင်ခ ဈေးသက်သာသည်။ ပိုမြန်သည်။ အပျက်အစီးနည်းသည်။

**Source: nationthailand**

https://www.foodindustrydirectory.com.mm/food-industry/cuisine/thinland/item/6035-thailand-fruit.html

# STOCK EXCHANGE (19.4.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 19th Apr. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,106 (Shares) | 21,049,000 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,000 | +200 | +2.56% | 8,000 | 8,000 | 8,000 | 2,212 | 17,696,000 | 33,109,694 | 264,878 |
| MTSH | 00002 | 2,950 | +50 | +1.72% | 2,900 | 2,950 | 2,900 | 340 | 998,500 | 38,929,150 | 114,841 |
| MCB | 00003 | 6,900 | +0 | +0.00% | 6,900 | 6,900 | 6,900 | 0 | 0 | 10,400,986 | 71,767 |
| FPB | 00004 | 1,450 | +0 | +0.00% | 1,400 | 1,450 | 1,400 | 1,504 | 2,116,550 | 29,664,613 | 43,014 |
| TMH | 00005 | 2,550 | +100 | +4.08% | 2,550 | 2,550 | 2,550 | 3 | 7,650 | 12,823,224 | 32,699 |
| EFR | 00006 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 0 | 0 | 19,977,223 | 51,941 |
| AMATA | 00007 | 4,900 | -100 | -2.00% | 4,900 | 4,900 | 4,900 | 47 | 230,300 | 10,497,598 | 51,438 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 19th Apr. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 357.86 | +5.00 | +1.42% | 352.16 | 357.86 | 352.16 | 4,106 | 21,049,000 | 7 | 630,578 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 19th Apr. 2023

| Trading Volume | Trading Value |
|---|---|
| 4,106 (Shares) | 21,049,000 (MMK) |

### Main Board

As of 1:00 pm, 19th Apr. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,106 (Shares) | 21,049,000 (MMK) |

| MYANPIX | 357.86 ▲ 5.00 |
|---|---|
| Total Volume (shares) | 4,106 |
| Total Value (MMK) | 21 mil |
| Listed Company | 7 |
| Market Cap. (MMK) | 630,578 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,000 | ▲ 200 |
| MTSH | 00002 | 2,950 | ▲ 50 |
| MCB | 00003 | 6,900 | ▲ 0 |
| FPB | 00004 | 1,450 | ▲ 0 |
| TMH | 00005 | 2,550 | ▲ 100 |
| EFR | 00006 | 2,600 | ▲ 0 |
| AMATA | 00007 | 4,900 | ▼ 100 |